မိုင်းမိုင်နှင့်

# တစ္ဆသွန်းပြန်

# အခန်း(၁)

မိုးသံလေသံတွေနဲ့ တဝုန်းဝုန်း မြည်ဟည်းနေတဲ့ ဟောဒီ အိမ်အိုကြီးထဲမှာ ကျုပ် တစ်ယောက်တည်းဆိုတော့ ကြောက်လန့်နေမိတယ်။

အထူးသဖြင့် ကိုယ် မရောက်ဖူးတဲ့ ဒေသဆိုတော့ ပရလောကသားတွေရဲ့ မမြင်အပ်တဲ့ နိမိတ်ပုံတွေ ရုပ်ပျက်ဆင်းပျက်တွေ ဘယ်နေရာက ပေါ်လာမလဲဆိုပြီး နောက်ကျောမလုံ ရှေ့ရဲရဲ မကြည့်ရဲနဲ့ ပေါ့ဗျာ။

ပြတင်းတံခါးတွေ အလုံပိတ်ပြီး ဖယောင်းတိုင်မီးရဲ့ အလင်းရောင်လေးအောက်မှာ ကျုပ် ငုတ်တုတ်ထိုင်နေမိတယ်။

အမိုးသွပ်ပြားပေါ် တဒိုင်းဒိုင်း မိတ်ဆက်နေတဲ့ မိုးစက်ပြင်းပြင်းတွေကလည်း လူကို ပိုပြီး စိတ်ချောက်ချားစေတယ်။

ဖယောင်းတိုင်မီးကို စိတ်မချစွာနဲ့ ... လက်ထဲက လက်နှိပ်ဓာတ်မီးကို အကြောင်းမရှိပဲ ကျုပ် ဖွင့်လိုက်ပိတ်လိုက်နဲ့ ။

ထိုစဉ် လှေကားက လူတစ်ယောက်တက်လာတဲ့ အသံကြားလိုက်ရတယ်။

ခြေသံက လေးတိလေးကန်ကြီး ... ဒေါက်... ဒေါက်နဲ့ ပေါ့။

အသံကို နားထောင်ပြီး သိလိုက်ရတာကတော့ ထိုသူသည် တောသုံးခြေနင်းစီးလာခြင်းပင် ဖြစ်လိမ့်မည်။

"ကျွီ … . အီ … အီ … အိ"

ကျုပ် ထိုင်နေသည့် အခန်း၏ တံခါးကို ဖွင့်လိုက်ပုံရ၏။ အခန်းတံခါး ဖြည်းညင်းစွာ ပွင့်လာ၏။

လက်နှိပ်ဓာတ်မီး၏ အလင်းရောင်မှာ လူတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ကုတ်အင်္ကျီဖားဖားနှင့် စစ်ဘောင်းဘီခပ်နွမ်းနွမ်းကို ဝတ်ထားပြီး သက္ကလတ်ဦးထုပ် အညိုရောင်ကို ခပ်ငိုက်ငိုက် ဆောင်းထားသော လူတစ်ယောက် ဖြစ်နေ၏။

သူက ကျုပ်ကို လှမ်း၍ အကဲခတ်သလို ကြည့်လိုက်သည် ။ ပြီးတော့ သူ၏ ဦးထုပ်ကို ချွတ်လိုက်တယ်။

ဖယောင်းတိုင် မီးအလင်းရောင်ကြောင့် သူ၏ မျက်နှာကို သေချာစွာ မြင်လိုက်ရတယ်။

မျက်နှာက လေးထောင့်ကျကျနဲ့ တိရိပိပြားသော နှုတ်ခမ်းတို့ က ရက်စက်စရာရှိလျှင် ပြတ်သားစွာ ရက်စက်မည့် လက္ခဏာကို ပေါ်လွင်စေ၏။

ညာဘက်ပါးပြင်တွင် ကန့်လန့်ဖြတ် အမာရွတ်ကိုတွေ့ရ၍ ထိုသူသည် တိုက်ရဲခိုက်ရဲသော သူမျိုးဖြစ်မယ်လို့ ခန့်မှန်းမိတယ်။

ထူးခြားသည် ကတော့ ဒီဘက်ခေတ်တွင် မြင်ရခဲသည့် သျှောင်ဆံထုံးကို တစောင်းထုံးထားသည့် ထိုသူ၏ ဆံပင်ရှည်ကြီးပင် ဖြစ်၏။

မိုးစိုနေသော ကုတ်အင်္ကျီကို ချွတ်လိုက်သည့်အခါ ထိုလူကြီးသည် ဓားရှည်တစ်ချောင်းကို စလွယ်သိုင်းထားမှန်း သိလိုက်ရ၏။

ကျုပ် သူ့ကိုကြည့်ရင်း အန္တရာယ်တစ်ခုခုကို အနံ့ရသလိုမျိုး ခံစားနေရတယ်။

လူကြီးက ဓားကို သိုင်းလွယ်ထားရာမှ ဖြုတ်၍ သူ့လက်ထဲ ကိုင်လိုက်တာကို မြင်တွေ့လိုက်ရပြန်တယ်။

လူတစ်ယောက်ကို ရန်မူရန် သူ့၌ အသင့်ပြင်ပြီး ဖြစ်နေ၏။

ကျုပ် လန့်သွားတယ်။ သူက ကျုပ်ကို စူးစူးရဲရဲကြီး ရန်သူတစ်ဦးလို ကြည့်နေတာကိုး။

ကျုပ်မှာ က ဘေးဆီးရန်ကာ အနေနှင့် နှစ်တစ်လက်မတုတ် အလောတော်တစ်ချောင်းပဲ ပါတယ်ဗျ။

အဲဒီလူကြီး ရန်မူလာခဲ့လျှင် ကျုပ် ခက်ခက်ခဲခဲ ခုခံရမယ်လို့ တွေးမိသွားတယ်။

ကျုပ်တို့ နှစ်ဦးအကြားက တိတ်ဆိတ်ငြိမ်သက်မှုကို ထိုလူကြီးကပင် စတင် ဖြိုခွဲလိုက်ပါတယ်။

"ကောင်လေး ... . မင်းဘယ်သူလဲ"

"ဗျာ ... ကျုပ်ကိုမေးတာလား... ဦးကြီး"

"အေး ... ."

"ကျုပ်က ခရီးသွားဧည့်သည် ပါ၊ နာမည်ကတော့ မိုင်းမိုင် ... .ပါ ၊ မိုးဝင်ခိုတာပါ ဦးကြီး"

"မင်းကို ဘယ်သူ လွှတ်လိုက်တာလဲ၊ မင်းလည်း မြဒင်တို့ နဲ့ တစ်ဖွဲ့တည်းပဲ မဟုတ်လား"

ထိုလူကြီးက ... . ကျုပ်ကို သင်္ကာမကင်း မျက်လုံးများ ဖြင့် ကြည့်ကာ

ပုလိပ်စစ်၊ ရဲစစ် စစ်ဆေးမေးမြန်းရင်း သူ့ရဲ့ ဓားကို ဆွဲထုတ်လိုက်တယ်။

ဓားမှာ မီးရောင်တွင် စိမ်းဖန့်နေ၏။

"ဗျာ ... ."

"မဗျာနဲ့ ၊ မင်း ... ငါ့ကို လိမ်မနေနဲ့ ၊ မင်းလက်နက်ထုတ် ငါနဲ့ တိုက်ဖို့ ပြင် ... ကောင်လေး"

လူကြီးသည် ဓားအိမ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချရင်း သူ၏ ဓားဦးက ကျုပ်ဘက်သို့ချိန်ရွယ်ထားတယ်။

ကျုပ်လည်း ထိုင်နေရာမှ ထကာ

"ဦးကြီးလူမှားနေပြီနဲ့ တူတယ်၊ ကျုပ်က မြဒင်ဆိုတာ တကယ်မသိပါဘူး၊ ကျုပ်က ညောင်လှရွာကို သွားမယ့် ခရီးသွားပါ"

"ဟားဟားဟား ... ငါ ... မအဘူး... ကောင်လေး၊ ကဲ ... မင်း ဝန်မခံရင် ငါ့အပြစ် မပြောနဲ့ ၊ ငါစတိုက်ပြီ ..."

ပြောရင်းဆိုရင်း ထိုလူကြီးသည် ကျုပ်ကို သူ့ဓားဖြင့် လှမ်းထိုးရာ၊ မူမမှန်သော သူ့လှုပ်ရှားမှုကို သတိထားနေသော ကျုပ်က အလွယ်တကူပဲ ရှောင်လိုက်နိုင်တယ်။

ထိုလူကြီးကရှောင်လိုက်တဲ့ ကျုပ်ကို ဓားဖြင့် အပေါ်စီးမှ မိုးခုတ်၏။ ကျုပ် လက်ထဲက စတီးလက်နှိပ်မီးအရှည်ဖြင့် ခံကာ ဓားချက်ကို လွှဲပစ်လိုက်ရတယ်။

ချွမ် ...

ခလွမ် ... ဂွပ်

ထိုလူကြီး၏ အားပါသော ဓားချက်ကြောင့် ကျုပ်ရဲ့ လက်နှိပ်မီး

အောက်သို့ လွတ်ကျ သွားပါလေရောဗျာ။

ကျုပ်လက်ထဲမှာ ဘာလက်နက်မှ မရှိတော့ဘူး။

နှစ်တစ်လက်မတုတ်ကလည်း ကြမ်းပြင်ပေါ်မှာ ။ ကျုပ် လူကြီးကို အော်ပြောလိုက်တယ်။

"ဦးကြီး ... လူမှားနေပြီနော်၊ ကျုပ်နဲ့ ခင်ဗျား ... ဘာရန်ငြိုးရှိလို့ လဲဗျ "

သို့သော် ထိုလူကြီးသည် နားလည်ပုံမရ။ ဒေါသတကြီးဖြင့် ကျုပ်ကို ဆက်၍ ဓားဖြင့်ခုတ်၏။ ပက်၏။ ပင့်ထိုး၏။ ဘယ်ညာတစောင်း သိမ်းခုတ်၏။

ကျုပ် ရှောင်ရင်းတိမ်းရင်း ထိုလူကြီးကို ဝင်ပူးကပ်လိုက်ပြီး တံတောင်ဖြင့် သူ့အရှိုက်ကို ငုံ့ကာရိုက်လိုက်တယ်။

ကျုပ်ရဲ့ တိုက်ကွက် ထိရောက် သွားတယ်။

အွတ် ... အား

ချွမ် ... ချလွမ်

ထိုလူကြီး အငိုက်မိပြီး ထိချက်ပြင်းပုံရသည် ။

သူ၏ ဓား ... လက်မှ လွတ်ကျသွား၏။

ကျွန်တော် ...ကြမ်းပြင်ပေါ်လှိမ့်ချကာ ထိုလူကြီး၏ ဓားကို ကောက်ယူလိုက်တယ်။

ဓားရလျှင် ရချင်း ထိုဓားဖြင့် လူကြီး၏ မေဖျားအောက်သို့ ဓားဦးနှင့် ချိန်ရွယ်ထားလိုက်တယ်။ ပါးစပ်ကလည်း ...

"ဦးကြီး ... ကျုပ် လူမသတ်ချင်ဘူးနော်၊ ကျုပ် ... ခင်ဗျားပြောတဲ့ မြဒ

င်ရဲ့ လူ မဟုတ်ဘူး ..."

"ဒါဆို ... မင်းကဘယ်သူလဲ၊ ဘာကြောင့် ဒီအိမ်ပေါ်ရောက်နေတာလဲ၊ မင်းမှာ ... ဘာအကြံစည် ရှိနေတာလဲ"

"ကျုပ် ညောင်လှရွာကို အသွား မိုးတွေသည်းလာလို့ မိုးခိုစရာရှာရင်း ဒီအိမ်အိုကြီးကိုတွေ့လို့ ဝင်လာတာပဲ၊ ခင်ဗျား ပြောတာ ကျုပ်ဘာမှ နားမလည်ဘူး ... ဦးကြီး"

"မဖြစ်နိုင်ဘူးကွ၊ မင်းက အသတ်အပုတ်လည်း ကျွမ်းကျင်တယ်၊ပြီးတော့ ... ဒီအိမ်ကြီးကို ဘယ်ခရီးသွားမှ မမြင်ရဘူး... အခုတော့မင်းက ... အိမ်ပေါ်ထိတောင် လာနားခိုရဲတယ်ဆိုတော့ ..."

"ဟူး ရှင်းပြရခက်လှချည်လားဗျာ ... ဒီလိုဗျ ... ဒီလို ..."

ကျွန်တော် သူ့လည်ပင်းကို ချိန်ရွယ်ထားသည့်ဓားကို ရုပ်ကာ သူနဲ့ မလှမ်းမကမ်းတွင် ထိုင်ချရင်း ကျုပ်ရဲ့ အကြောင်းစုံကို ရှင်းပြလိုက်ရတော့တယ်။

***